# ပေါ့ဂျိုင်း

အောင်းပဒင် အင်ပဒေါင်း



# အခန်း-၁

မော်ဒန်ပန်းချီကား

အင်မတန်မှ အသက်ဝင်လှပလှသော ဟိုခြစ်ဒီခြစ် ပန်းချီကားကြီးကို စုတ်တံဖြင့် ဟိုတို့ဒီတို့ လုပ်နေရင်း ပန်းချီဆရာကြီး ဦးကျော်သစ် မခို့တရို့ ပြုံးလိုက်မိသည်။

``ငါ့ပန်းချီကားက တော် တော် ဂန္တဝင်မြောက်တာပဲ၊ အဝေးက ကြည့်ရင် ဘာမှန်းမသိဘူး၊ အနီးကပ်ကြည့်ရင် နားမလည်ဘူး၊ ဒီကားရဲ့ အဓိပ္ပါယ်ကို ငါပဲ သဘောပေါက်တယ်´´

တစ်ယောက် တည်း ဂုဏ်ယူဝင့်ကြွားရင်း ဆွဲလက်စ စုတ်တံကို အနီးရှိ ခွက်ထဲ ထည့်နှစ် လိုက်သည်။

သို့သော် ပန်းချီကားထဲ အာရုံရောက်နေသဖြင့် သူသောက်နေသည့် ရေနွေးပန်းကန်လုံးထဲ မှာ နှစ် မိတာကို မသိ။

ကင်းပတ်စပေါ်မှာ စုတ်တံဖြင့် ခြစ်ချလိုက်သော အခါ မူလဆွဲထားသော ဆေးတွေ ပါ ရေဖြင့် ပျက်ကုန်သည်။

``ဒါက ဘယ်လို ဖြစ်ရတာ လဲ...´´

ဦးကျော်သစ် စဉ်းစားရင်း သောက်လက်စ ရေနွေးကို ကောက်မော့လိုက်သည်။

``ဖွီး´´

ပါးစပ်ထဲ ဆေးတွေ ဝင်ကုန်သဖြင့် အယောင်ယောင် အမှား မှား ထွေးထုတ်လိုက်ရင်း ရှေ့က ပန်းချီကားပေါ် တည့်တည့်။

ဦးကျော်သစ် သူ့ပန်းချီကားကို ကြည့်ပြီး မျက်လုံးတွေ ဝိုင်းစက်လာသည်။ ထို့နောက် မျက်နှာကြီး တဖြည်းဖြည်း ပြုံး လာပြီး....

``ဟာ... မိုက်သွားပြီကွ၊ အခုမှ ဂန္တဝင်မြောက်သွားတာ၊ ငါ့ ပါးစပ်ထဲက

ထွေးထုတ်လိုက်တဲ့ ဆေးရည်စက်တွေ က ပန်းချီကားပေါ်မှာ နှင်းမှုန့်လေးတွေ ဖြန်းလိုက်သလို ဖြစ်သွားပြီ၊ အဲ့ဒါမှ တကယ့်မော်ဒန်ပဲ၊ အိုကေကွ´´

ဦးကျော်သစ် အားရဝမ်းသာ ဟစ်ကြွေးနေစဉ် အနားသို့ သား ဖြစ်သူ နေသစ် ရောက်လာသည်။

ဖခင် ဖြစ်သူ၏ ပန်းချီကားကြီးကို ကြည့်လိုက်ပြီး...

``အသက်ဝင်လိုက်တာ အဖေရာ၊ ပုရွက်ဆိတ်ပုံ ဆွဲထားတာများ ၊ တကယ့်အစစ်အတိုင်းပဲ၊ အဖေ့ကို ကျွန်တော် အရမ်းလေးစားသွားပြီ´´

သား ဖြစ်သူ၏ စကားကြောင့် ဦးကျော်သစ် ကြောင်သွားသည်။

``ဘယ်မှာ လဲကွ.. ငါဆွဲတဲ့အထဲမှာ ပုရွက်ဆိတ်ပုံ မပါပါဘူး၊ မော်ဒန်ဆွဲထားတာပါကွ´´

``ဒီမှာ အဖေရာ... ပုရွက်ဆိတ်ပုံ´´

နေသစ်က ပန်းချီကား၏ အလယ်ခေါင်မှ ပုရွက်ဆိတ်ပုံလေးကို လက်ညှိုးထိုးပြသည်။

ဦးကျော်သစ် ထိုပုရွက်ဆိတ်ပုံကို လက်နှင့် တို့ကြည့်လိုက်ရာ ပုရွက်ဆိတ်လေးက သူ့လက်ညှိုးမှာ ဆေးတွေ နှင့် အတူ ကပ်ပါလာသည်။

ထိုအခါမှ သဘောပေါက်သွားသည်။

``ဩော်... ကင်းပတ်စပေါ်မှာ ပုရွက်ဆိတ်လေး သွားနေတုန်း ငါ စုတ်တံနဲ့ ဖိလိုက်လို့ သေပြီး ကပ်နေတာကွ၊ ပုရွက်ဆိတ်ပုံ မဟုတ်ပါဘူး´´

ထိုအခါ နေသစ် ကြိတ်ရယ်လိုက်သည်။

``နေစမ်းပါဦးကွ၊ ငါ မော်ဒန်ဆွဲထားတဲ့ ပန်ချီကားကြီး တစ်ခုလုံးကို မျက်ကွယ်ပြုပြီး ဒီပုရွက်ဆိတ်သေးသေးလေးကို မင်းက အသက်ဝင်တယ်ပြောတာ ငါ့ကို လှောင်တာလား´´

နေသစ် အခုမှ တကယ်ရယ်ချလိုက်သည်။

``ဟား... ဟား... မဟုတ်ရပါဘူး အဖေရာ၊ ပန်းချီကားထက် ပုရွက်ဆိတ်က ပိုသဘာဝကျနေလို့ပါ´´

``ဘာကွ´´

ဦးကျော်သစ် ဒေါသထွက်သွားပြီဆိုတာ သိလိုက်ရသဖြင့် နေသစ် မျက်နှာပိုးသတ်လိုက်သည်။

``အလကားနောက်တာပါ အဖေရာ၊ အဖေဆွဲတဲ့ကားက ကောင်းပါတယ်၊ ဘာအဓိပ္ပါယ်လဲဆိုတာတော့ နားမလည်ဘူး´´

``အေး နားမလည်ရင် နားထောင်၊ ငါ ရှင်းပြမယ်၊ ဒီပန်းချီကားရဲ့ အဓိပ္ပါယ်က အဆင့်သုံးဆင့် ရှိတယ်၊ ငါ ဘာပုံဆွဲရမှန်း မသိဘဲ ကင်းပတ်စပေါ်မှာ စုတ်တံနဲ့ ပုရွက်ဆိတ်လေးကို ထောက်ထားတုန်း လက်ကို ခြင်ကိုက်လို့ ရိုက်လိုက်တာ ဆေးတွေ ပျံ့ပြီး ညစ်ပတ်သွားတယ်၊ အဲဒါ ပထမအဆင့်၊ နောက် ညစ်ပတ်သွားတဲ့ ဆေးတွေ ကို အဝတ်စနဲ့ ပြန်ဖျက်တာ အဝတ်စမှာ အိုးမဲတွေ ပေနေလို့ ပန်းချီကားတစ်ခုလုံး မဲချိတ်သွားတယ်၊ အဲဒါ ဒုတိယအဆင့်၊ နောက်ဆုံးအဆင့်က စုတ်တံကို ငါသောက်တဲ့ ရေနွေးခွက်ထဲ မှာ းစိမ်မိလို့ ရေနွေးသောက်တာ ပါးစပ်ထဲက ပြန်အန်ထွက်ပြီး ပန်းချီကားပေါ်မှာ ဆေးတွေ ကျဲသွားတယ်၊ အဲဒါ ပန်းချီကားရဲ့ အဓိပ္ပါယ်ပဲ´´

နေသစ် ကြိတ်ရယ်လိုက်သည်။

``ဂန္တဝင်မြောက်လိုက်တာ အဖေရာ၊ အဖေတော့ ပန်းချီဆရာထဲမှာ နာမည် ကြီးဦးမယ်´´

သူ့သား၏ ခပ်ရွှဲ့ရွှဲ့စကားကို ဦးကျော်သစ် အဟုတ်မှတ်ပြီး သဘောတွေ သွားသည်။

``မင်း... မဆိုဘူး၊ ငါ့သားပီပီ အနုပညာအမြင် ရှိတယ်၊ အဲဒီ တော့ ဒီပန်းချီကားကို

မနက်ဖြန်ကစပြီး လေလံတင်ဖို့ စီစဉ်တော့မယ်´´

**************

# အခန်း-၂

လေလံတင်ပွဲရှိသည်။

မထင်မရှား ပန်းချီဆရာ ကျွန်တော် ရွက်ပုန်းသီးလေး ဦးကျော်သစ် ကလောင်အမည် (ချစ်ရင်ဆွဲ) ၏ ဂန္ထဝင်မြောက် ပန်းချီကားတစ်ချပ်ကို လာမည့် ( - - ၂၀၁၂) ရက်နေ့တွင် လေလံတင် ရောင်းချမည် ဖြစ်သည်။ ထို့ကြောင့် (..............) နေရာသို့ (..........)အချိန်တွင် ငွေကို ရေလိုသုံးနိုင်သူများ အားလုံး ကြွရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ဤကြော်ငြာသတင်းစာ၌ ပါသည့် အချိန်မှာ စပြီး အနုပညာရှင်များ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ (ဆန်ဈေးတက်၍ ) လေလံတင်ပွဲနေ့၌ အနုပညာကို မြတ်နိုးသူ ပန်းချီဆရာများ ၊ ပန်းချီကားများ စုဆောင်းလိုသူ ဝါသနာရှင်များ ၊ အပျင်းပြေလာရောက် ကြည့်ရှုသူများ ၊ လမ်းဘေး၌ ဆိုင်းဘုတ်ရေး သည့် ဆိုင်းဘုတ်ဆရာမ ျား အားလုံး အစုံအညီ ရောက်ရှိနေကြသည်။ ပန်းချီကားမှာ အဝတ်နက်ဖြင့် အုပ်ပြီး စားပွဲပေါ်မှာ ထောင်ထားသည်။

သူတို့တွေ ရဲ့ တူညီသော ရည်ရွယ်ချက်က ဂန္ထဝင်မြောက်ဟူသော ပန်းချီကားကို မြင်ဖူးချင်လှပြီး ဈေးတတ်နိုင်ပါက ဝယ်ယူရန် ဖြစ်သည်။

မဝယ်နိုင်ပါက ခိုးရန် ကြံစည်နေသူများ လည်း ရှိသည်။

သတ်မှတ်ထားသော အချိန်အရောက်မှာ ဦးကျော်သစ် စတိုင်လ်အပြည့်ဖြင့် ဝင်လာသည်။

ခုံမှာ ထိုင်နေသူ ဧည့်ပရိတ်သတ်များ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ (ဆန်ဈေးတက်၍ မဟုတ်၊ ခုံအောက်က ကြမ်းပိုးထိုး၍ ဖြစ်သည်။) ``ပန်းချီကား ကတော့ ဘယ်လိုနေမယ် မသိဘူး၊ ပန်းချီဆရာ ကတော့ ကြည့်ရတာ သိပ်ကျပ်မပြည့်တဲ့ပုံပဲ´´

အဲဒီ လို အချို့ကလည်း ချီးမွမ်းကြသည်။

ဦးကျော်သစ်က အားလုံးရှေ့မှာ မတ်တတ်ရပ်လိုက်သည်။

``ကြွရောက်လာကြတဲ့ တရားချစ်ခင် သူတော် စင်အပေါင်း… အဲ… ဟုတ်ပါဘူး၊ အနုပညာကို မြတ်နိုးသူပေါင်း မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေလို့ ကျွန်တော် ပန်းချီဆရာကြီး ချစ်ရင်ဆွဲကနေ နှုတ်ခွန်းဆက်ပါတယ်ခင်ဗျာ´´

``ဖြောင်း… ဖြောင်း… ဖြောင်း….. ဖြောင်း….´´

ခန်းမထဲမှာ လက်ခုပ်သြဘာသံတို့ဖြင့် ဆူညံသွားသည်။

``ကျွန်တော် အခု လေလံတင်ရောင်းချမယ့် မော်ဒန်ပန်းချီကတော့ ယောက္ခမျက်နှာ အိုးမဲသုတ်မယ်လို့ နာမည် ပေးထားပါတယ်၊ ကြမ်းခင်းဈေး ကတော့ ငါးသိန်း ဖြစ်ပါတယ်´´

ဦးကျော်သစ်က ပြောပြောဆိုဆို သူ့ရှေ့စားပွဲပေါ်မှာ တင်ထားသော ပန်းချီကားပေါ်မှ အဝတ်နက်ကြီးကို ဆွဲဖယ်လိုက်ရာ… ပွဲကြည့်ပရိသတ်တွေ အားလုံး ပန်းချီကားကို စူးစိုက်ကြည့်ပြီး မျက်နှာကြီးတွေ ရှုံ့မဲ့ကုန်သည်။ ထို့နောက် တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး ခဏအကြာ။

``ကျုပ် သုံးသိန်းပေးမယ်´´

အဘိုးကြီး တစ်ယောက် က စပြီး ဈေးဖွင့်လိုက်ရာ ဦးကျော်သစ် ကြောင်သွားသည်။ ဘယ့်နှယ်…။ ကြမ်းခင်းဈေးက ငါးသိန်းပါဆိုမှ သုံးသိန်းပေးမယ်ဆိုတော့ ဒီလူ ရူးများ နေလားပေါ့။ အဲဒီ အချိန်မှာ နောက် တစ်ယောက် က ထပြီး…

``ကျုပ် နှစ် သိန်းပေးမယ်´´

သူနှင့် အပြိုင်အဆိုင် ထပ်ပေါ်လာသည်။

``ကျုပ် တစ်သိန်းပေးမယ်´´

``ကျုပ်က ငါးသောင်း´´

ဦးကျော်သစ် စိတ်မရှည်တော့ဘဲ အားလုံးကြားအောင် အော်လိုက်သည်။

``ဟော့လူတွေ ဦးနှောက်မှ ကောင်းသေးရဲ့လား၊ လေလံတင်တယ်ဆိုတာ တစ်ယောက် ထက် တစ်ယောက် တိုးပေးရမှာ ၊ အများ ဆုံး ပေးနိုင်တဲ့သူ လေလံပွဲအောင်တယ်၊ အခုဟာက ဘာ ဖြစ်လို့ နောက်ပြန်ဆုတ်ပြီး လျှော့လျှော့ပေးနေတာလဲ ´´

ထိုအခါ ပရိသတ်ထဲမှ ပွဲဈေးမှာ စားခြစ်ပန်းချီဆွဲသော ပန်းချီဆရာက ထပြီး....

``ခင်ဗျား ပန်းချီကားကိုလည်း ကြည့်ဦးလေ၊ ကျုပ် လမ်းဘေးမှာ ဆွဲတဲ့ တစ်ရာတန် စားခြစ်ပန်းချီကမှ ဘာပုံလဲဆိုတာ ပြောလို့ရသေးတယ်၊ ကြည့်လို့လှသေးတယ်၊ ခင်ဗျားပုံက ဘာမှန်းကို မသိဘူး၊ ကုလားမဖင်ကို မီးမြှိုက်ထားတဲ့အတိုင်းပဲ´´

``ဘာ´´

ထိုလူစကားကြောင့် ဦးကျော်သစ် ဒေါသတွေ ပေါက်ကွဲသွားသည်။ အဲဒီ အချိန်မှာ တစ်ယောက် က ထပြီး...

``ကျွန်တော် သုံးထောင်ပေးမယ်´´

နောက် တစ်ယောက် က

``ကျုပ် ငါးရာပေးမယ်၊ ကုလားမဖင် မီးမြှိုက်တာ မမြင်ဖူးလို့ ငါးရာပေးပြီး အိမ်မှာ အဝကြည့်မယ်´´

ဦးကျော်သစ် ဒေါသတွေ မထိန်းနိုင်တော့ဘဲ ပန်းချီကားကို ဆွဲယူ၍ ကိုယ်တိုင်နင်းချေဖျက်ဆီးလိုက်သည်။

``သွားကွာ... သွားစမ်း၊ ငါ့ကို ဇာက်ရှက်ခွဲတဲ့ပုံ´´

အားရအောင် နင်းချေဖျက်ဆီးပြီးနောက် ထိုင်နေသော ပရိသတ်များ ကို

နောက်ဆုံး နှုတ်ဆက်စကား ပြောခဲ့သည်။

``တစ်နေ့ ခင်ဗျားတို့အားလုံးထက်သာတဲ့ နာမည် ကျော် ပန်းချီဆရာ ဖြစ်စေရမယ်´´

အဲဒီ စကားကို ပရိသတ်တွေ က ဟာသပြောသည်ထင်၍ ဝိုင်းရယ်ကြသည်။

ထို့နောက် ဦးကျော်သစ် ခန်းမထဲမှ ဒေါ်နှင့် မောနှင့် ပြန်ထွက်သွားရာ ပရိသတ်တွေ အားလုံး လက်ခုပ်တီး၍ ကျန်ခဲ့သည်။

``ဖြောင်း... ဖြောင်း.... ဖြောင်း....´´

ထို့နောက် တစ်ယောက် တစ်ပေါက် ပွစိပွစိဖြင့် ....

``အလုပ်ပျက်တယ်ကွာ... အိမ်က ကလေးနှစ် ကောင်ကို ဝလုံးဆွဲ သင်ပေးနေတာ ဖျက်ပြီး ပန်းချီကား လေလံတင်ပွဲ လာတာ၊ ဒီရောက်တော့ ကျုပ်သားဆွဲတဲ့ ဝလုံးလောက်တောင် ကျက်သရေ မရှိဘူး´´

``ဟုတ်ပဗျာ... ပေးထားတဲ့ နာမည် ကိုက ကျက်သရေတုံးတာ.... ယောက္ခမမျက်နှာ အိုးမဲသုတ်မယ်တဲ့´´

``အေး... လေ၊ ကျုပ်လည်း အိမ်က မိန်းမနဲ့ နပ်နေတာ ကောင်းရဲ့ သားနဲ့ ဒီလာမိတာ မှား တာပဲ၊ အခုတော့ ဒီပန်းချီကားက သူ့မျက်နှာသူ အိုးမဲပြန်သုတ်သွားပြီ´´

*************

# အခန်း-၃

``နေသစ်ရေ... နေသစ်´´

အိမ်ရှေ့မှ ခေါ်သံကြောင့် နေသစ် အပြေးအလွှား ထွက်လာရာ သူငယ်ချင်းတွေ ဖြစ်သော မဲလုံး၊ လောရှည်နှင့် ပုကွတို့ တွေ့ရသည်။

နေ့သစ်က ပါးစပ်နား လက်ညှိုးလေးကပ်လိုက်ပြီး....

``ဟေ့ကောင်... တိုးတိုး... အဖေဒေါကန်နေတယ်´´

``ဟင်... မင်းအဖေ ဘောကန်နေတယ်၊ တစ်ယောက် တည်းလား´´

``ဟာ.. ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒေါသထွက်နေတယ် ပြောတာ၊ လာ အထဲဝင်´´

သူငယ်ချင်းသုံးယောက် က ဧည့်ခန်းက ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ထို့နောက် ဟိုဟိုဒီဒီ ကြည့်လိုက်ကြပြီး...

``မင်းအဖေ ဒေါကန်နေတယ်ဆို၊ ဘယ်မှာ ကန်နေတာလဲ´´

``ဘောလုံးကွင်းထဲမှာ နေမှာ ပေါ့´´

``ဟာ... ဟေ့ကောင်တွေ အတည်ပြောနေတာကွ၊ အဖေ အခု သူ့ပန်းချီကားတွေ ထားတဲ့ အခန်းထဲမှာ ´´

နေသစ်က ပြောရင်း ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

မဲလုံးက စ၍ ...

``ဘာ ဖြစ်တာလဲကွ... မင်းအဖေက အေးအေးဆေးဆေး ပန်းချီဆွဲနေတတ်တဲ့ လူအေးကြီးပါ၊ ဒေါသ ဖြစ်တာ သိပ်မမြင်ဖူးပါဘူး´´

``အေး... အခု ဒေါသ ဖြစ်နေတာ၊ အဲဒီ ပန်းချီကားကြောင့် ပဲကွ´´

နေသစ်က လေလံတင်ပွဲနေ့မှ အ ဖြစ်အပျက်များ ကို သူငယ်ချင်းတွေ အား ပြောပြလိုက်ရာ သူငယ်ချင်းတွေ က ဦးကျော်သစ်၏ အ ဖြစ်ကို ကရုဏာသက်ပြီး ဝိုင်းရယ်ကြသည်။

``ဟား... ဟား... ဟား...´´

``ဟော့ကောင်တွေ .. တိုးတိုးရယ်၊ အဖေက သူ့ပန်းချီကားနဲ့ ပတ်သက်လာရင် မရဘူး၊ သူ့ကိုယ်သူ တစ်နေ့ ကမ္ဘာကျော်မယ်လို့ ထင်နေတာ´´

``မင်းအဖေက ပန်းချီနဲ့ ပတ်သက်လာရင်း ခရေဇီပါပဲကွာ´´

လောရှည်က မှတ်ချက်ပြုသည်။

``မြန်မာလိုပြန်ရင် ပန်းချီရူးပေါ့´´

ပုကွကလည်း ဝင်ထောက်သည်။

``ဟော့ကောင်တွေ နောက်မနေနဲ့... အဖေ တကယ်ပေါက်ကွဲနေတာ၊ တော် ကြာ ဒေါသက မင်းတို့ဘက် လှည့်လာဦးမယ်´´

အဲဒီ အချိန်မှာ ဦးကျော်သစ် သူ၏ ပန်းချီခန်းထဲမှ ခေါင်းငိုက်စိုက်ဖြင့် ထွက်လာသဖြင့် အားလုံး မျက်နှာပိုး သတ်လိုက်ကြသည်။

ဦးကျော်သစ်က နေသစ်နှင့် သူငယ်ချင်းတွေ ထိုင်နေသော ထိုင်ခုံနံဘေးမှာ ဝင်ထိုင်လိုက်သည်။

``ငါ ဘာလုပ်ရင် ကောင်းမလဲ၊ အကြံပေးကြပါဦးကွာ... လူတွေ က အနုပညာအမြင် မရှိဘူး၊ မော်ဒန်ကို မော်ဒယ်လောက်တောင် စိတ်ဝင်စားမှု မရှိကြဘူး´´

``ဘာ ဖြစ်လို့လဲ ဦးလေး... မော်ဒန်ပုံဆွဲရတာ အဆင်မပြေလို့လား´´

လောရှည်က မသိချင်ယောင်ဆောင်ပြီး မေးသည်။

``ဟုတ်တယ်ကွ.. လူတွေ က မော်ဒန်ပုံကို ဘာမှ နားမလည်ကြဘူး၊ အဲဒီ တော့

လူတွေ နားလည်အောင် သဘာဝကျကျပုံ ပြောင်းဆွဲရင် ကောင်းမလားလို့ စဉ်းစားမိတယ်´´

``ကောင်းတယ် ဦးလေး၊ အဲဒါဆို သဘာဝကျကျ ကောင်မလေးတွေ ဂျပန်လို ရေချိုးနေတဲ့ပုံ ဆွဲပါလား၊ ဒါမှ လူတိုင်း နားလည်မှာ ´´

မဲလုံးက အကြံပြုသည်။

ဦးကျော်သစ် ခေါင်းခါလိုက်ပြီး....

``အဲဒါဆိုရင် ပန်းချီဆရာကို နှာဘူးကြီးလို့ ထင်ကြမှာ ပေါ့၊ တခြားအကြံ ပေးစမ်းပါကွာ´´

``အဲဒါဆို ခွေးနှစ် ကောင် ကိုက်နေတဲ့ပုံ ဆွဲပါလား၊ သဘာဝကျတယ်´´

ပုကွက အကြံပေးပြန်သည်။

``အဲဒီ ပုံ... မင်းကြီးတော် ကို လက်ဆောင်ပေးလိုက်၊ ခွေးနှစ် ကောင် ကိုက်နေတဲ့ပုံ ဘယ်သူက အလှချိတ်မှာ လဲ´´

ဦးကျော်သစ်စကားကြောင့် အားလုံး ကြိတ်ရယ်ကြသည်။

``ဒါဖြင့် ရင် သူလေအခေါင်းပုံ ဆွဲပါလား၊ တစ်နေ့ အဲဒီ ထဲကို လူတိုင်းရောက်ကြမှာ ဓမ္မတာပဲမို့ တကယ့်သဘာဝအစစ်အမှန်ပဲ၊ ဘယ်ပန်းချီဆရာမှ လဲ မဆွဲသေးဘူး´´

``အေး... ပြီးရင် အဲဒီ အခေါင်းမှာ မောင်ပုကွ အသက် ၂၄ နှစ် လို့ရေး ပြီး မင်းမိန်းမယူရင် လက်ဖွဲ့ပို့ပေးလိုက်မယ်´´

ဒီတစ်ခါတော့ အားလုံး ကြိတ်မရဘဲ ပေါ်တင်ရယ်လိုက်ကြသည်။

``ဟား... ဟား.... ဟား... ဟား´´

``တော် ပြီကွာ၊ မင်းတို့နဲ့ စကားပြောရတာ အစေးမကပ်ဘူး၊ ဘာအကြံမှ မရဘူး၊ ငါ့ဘာသာငါ ဆွဲလက်စ ကုလားမဘယာကြော် ရောင် းနေတဲ့ပုံ ဆက်ဆွဲတာပဲ ကောင်းတယ်´´

ဦးကျော်သစ်က ပြောပြောဆိုဆို ထိုင်ခုံမှထပြီး ထွက်သွားသည်။ နေသစ်နှင့် သူငယ်ချင်းတွေ ရယ်ပြီး ကျန်ခဲ့သည်။

``မင်းတို့ကလည်း မင်းတို့ပဲ၊ အဖေ ဒေါကန်နေပါတယ်ဆိုမှ သွားနှောက်နေတယ် ´´

``ငါတို့က ခင်လို့စတာပါကွာ၊... မင်းအဖေက ခင်ဖို့ကောင်းတယ်၊ ခေါင်းထဲမှာ ပန်းချီဆွဲဖို့ကလွဲပြီး အပြင်လောကအကြောင်း ဘာမှမသိဘူး´´

မဲလုံးက ရယ်ပြီး ပြောသည်။

``အဲဒါတော့ ဟုတ်တယ်ကွ... ငါ့အမေသာ ရွှေဆိုင်ဖွင့်မထားရင် ငါတို့တွေ အိမ်ကပစ္စည်း ရောင် းစားနေရတာ ကြာပြီ´´

``အဲဒါတွေ အသာထား... ငါတို့ အခုလာတာ မင်းကို ပြောစရာရှိလို့´´

လောရှည်က ပြောလိုက်သည်။

``ဘာပြောမှာ လဲကွ´´

``ငါတို့သူငယ်ချင်းတွေ စုပြီး ခရီးထွက်ကြမလို့... အဲဒါ မင်းပါ လိုက်ခဲ့ရမယ်´´

ခရီးထွက်မယ်ဆိုတော့ နေသစ် စိတ်ဝင်စားသွားသည်။ သူတို့ သူငယ်ချင်းလေးယောက် အတူတူ ခရီးမထွက်ရတာ ကြာပြီပဲ။

``ကောင်းသားပဲကွ... ဘယ်ကို ဒိုးဖို့ စဉ်းစားထားလဲ´´

`` ဖြစ်နိုင်ရင်တော့ ဗုဒ္ဓဂါယာ သွားချင်တာပေါ့ကွာ´´

ပုကွက သူသွားချင်သည့်နေရာ သူပြောသည်။

``ဟေ့ကောင်... လေမကျယ်စမ်းပါနဲ့၊ မြန်မာနိုင်ငံက ဘုရားပဲ နံ့အောင်ဖူးပါဦး´´

``အေးလေ... မယ်လမုဘုရားမှာ တောင် ဖိနပ်အပ်ရမယ့်နေရာမှာ အလှူငွေ မထည့်နိုင်လို့ ကြွပ်ကြွပ်အိတ်နဲ့ သယ်သွားတဲ့ကောင်ကများ ´´

``ဒီလိုကွ.... ငါတို့ အခု စီစဉ်ထားတဲ့နေရာက မိန်းမလှကျွန်းလို့ ခေါ်လို့ရတဲ့ ရှမ်းရွာလေးတစ်ရွာပဲ၊ အဲဒီ မှာ လောရှည်ရဲ့ ဦးလေးရှိတယ်၊ ငါတို့ သူငယ်ချင်းတွေ သူ့ဆီမှာ တည်းမှာ ၊ ရွာက ဘုရားလည်း ဖူးလို့ရတာ ပေါ့ကွာ´´

မဲလုံး၏ စကားကို နေသစ် စိတ်ဝင်စားစွာ နားထောင်နေသည်။

`အဲဒီ ရွာက ကောင်မလေးတွေ က မြို့ကမိန်းကလေးတွေ ထိုင်ငိုရအောင် လှတယ်လို့ လောရှည်ရဲ့ ဦးလေးက ပြောတယ်၊ အဲဒီ တည်းက ငါ သွားချင်နေတာ၊ အခု ငါတို့တွေ လည်း ခရီးမထွက်ရတာ ကြာပြီဆိုတော့ အဲဒီ ကိုသွားဖို့ စီစဉ်လိုက်ကြမယ်၊ ဗဟုသုတအသစ် တိုးတာပေါ့ကွာ´´

``မင်းအကြံ မဆိုးဘူးကွ၊ ငါလည်း အဲဒီ လိုနေရာ အသစ်အဆန်းလေးတွေ သွားချင်နေတာ၊ ဘယ်လောက်ကြာကြာနေမယ် စဉ်းစားထားလဲ´´

``ဆယ်ရက်၊ ရက်နှစ် ဆယ်လောက်ပေါ့ကွာ.... လည်စရာပတ်စရာ ကုန်လို့ ပြန်ချင်ရင်လည်း ပြန်ကြတာပေါ့´´

``ဘယ်နေ့လောက် သွားမလဲကွ´´

``ငါ ကတော့ ဒီလအတွင်း း သွားဖို့ စဉ်းစားထားတယ်´´

လောရှည်၏ စကားကို အားလုံး အတည်ပြုလိုက်ကြသည်။

``အိုကေ... ငါတို့တွေ ရဲ့ ဒီတစ်ခေါက် ခရီးစဉ်က ထူးခြားပြီး ပျော်စရာလည်း ကောင်းတဲ့ခရီး ဖြစ်ပါစေ´´

**************